mgyoe.com

# စုစည်းစီစဉ်သူ၏
# အမှာစကား

မြန်မာစာပေသမိုင်း၌ နိုင်ငံရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဘာသာရေးနှင့် ပတ်သက်၍လည်းကောင်း၊ လူမှုရေးနှင့်ပတ်သက်၍လည်းကောင်း၊ အခြားကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း မှတ်တမ်းတင်ထားခြင်းမရှိ၍၊ မှတ်တမ်းတင်ထားသော်လည်း မှတ်တမ်းစာအုပ်များ တိမ်မြုပ် ပျောက်ကွယ်နေသည်ဖြစ်၍ သုတေသီများ၏ ရှုကွင်းရှုကွက်သို့ ရောက်ရှိမလာကြသော သမိုင်းဝင် အကြောင်းအရာများစွာ ရှိသည်။ ယင်းသမိုင်းဝင်အကြောင်းအရာများကို သုတေသီများ၏ ရှုကွင်း ရှုကွက်သို့ ဆွဲထုတ်လာရန်မှာ စာကြည့်တိုက်များ၏ တာဝန်ဖြစ်သည်။

ယင်းတာဝန်ဝတ္တရားကို အကောင်အထည် ဖော်သည့်အနေဖြင့် –

၁။ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၌ ပုံနှိပ်ထုတ်ဝေထားသော ၁၉၄၆ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော ဖဆပလ အဖွဲ့ချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်၌ မြွက်ကြားခဲ့သော ဥက္ကဋ္ဌ မိန့်ခွန်းကိုလည်းကောင်း၊

၂။ ၁၃၀၀ ပြည့်၊ နှောင်းတန်ခူးလဆုတ် ၃၊၄၊၅၊၆ ရက်များတွင် မော်လမြိုင်မြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး စတုတ္ထအကြိမ်မြောက် ညီလာခံမှတ်တမ်းကိုလည်းကောင်း၊

mgyoe.com

အလုပ်မရှိသူ အမြောက်အမြား၊ ငွေသား ငွေစက္ကူမကိုင်နိုင်သူ အမြောက်အမြား ရှိ၏။ သို့စဉ်လျက် ပြည်သူတို့ ချောင်ချိအောင် ဗြိတိသျှအစိုးရသည် လွတ်လပ်စွာ ကုန်ကူးသန်းရောင်းဝယ်ရေးကို အားမပေးဘဲ အခြားနိုင်ငံများကို ချုပ်ချယ်၍ ထားလေသည်။ မိမိတို့ နိုင်ငံကလည်း အချိန်မီ လုံလောက်အောင် ကုန်စည်ဝတ္ထုပစ္စည်း မပေးပို့နိုင်ဘဲလျက် တစ်ကိုယ်ကောင်းကြံလိုသောစိတ်နှင့် အခြားနိုင်ငံများက ကုန်စည်ဝတ္ထုပစ္စည်းများ ပို့ခြင်းကို ပိတ်ပင်ထားလေသည်။ အန်းရားခေါ် နိုင်ငံပေါင်းစုံ ကယ်ဆယ် ထောက်ပံ့ရေး၊ပြန်လည်ထူထောင်ရေးအဖွဲ့ကိုပင် တားမြစ်ထားလေသည်။ ဤသို့သောစီမံချက်ဖြင့် ဗြိတိသျှနယ်ချဲ့ဝါဒီတို့သည် မိမိတို့အကျိုးကို ဖြစ်ထွန်းစေနိုင်လိမ့်မည်ဟု ပြုလုပ်၏။ နောက်ဆုံး၌ မိမိတို့ပင် အကျိုးယုတ်မည်မှာ သိသာနိုင်ပေ၏။

ဥပဒေနှင့်ပတ်သက်၍ အနည်းငယ် ပြောလိုပါသည်။ ဘုရင်ခံ၏ကိုယ်စား တရားဝန်ကြီးတစ်ယောက်သည် ဥပဒေသစ်အချို့ကို ပြုထား၏။ ၁၉၄၃ခု အထူးတရားသူကြီး အက်ဥပဒေ ၅ အရ အထူးတရားသူကြီးတစ်ဦးသည် သက်သေထွက်ချက်တို့ကို အတိုချုပ် မှတ်သားရန်သာ လိုသည်။ တရားခံသည်လည်း ခေါ်လိုသော အရေးကြီးသည့် သက်သေများကို ခေါ်ပိုင်ခွင့်မရှိ၊ တရားသူကြီးကသာလျှင် ခေါ်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြထား၏။ အချုပ်မှာ အထူးတရားသူကြီးတစ်ယောက်သည် သေးငယ်သော ပြစ်မှုများတွင် တစ်ချက်လွှတ် အမိန့်ချနိုင်သကဲ့သို့ လူသတ်မှုစသော အမှုကြီးများတွင် တစ်ချက်လွှတ် အမိန့်ချနိုင်သည်ဟု ဆိုရာရောက်ပေသည်။ နောက်တစ်ချက်မှာ အထူးတရားသူကြီး၏ အပြစ်ဒဏ်ပေးချက်ကို ခံယူရပြီးသည့်နောက် အယူခံပိုင်ခွင့်မရှိချေ။ အဆိုပါအက် ဥဒေပုဒ်မ ၆ (၁)အရ တရားလွှတ်တော်ကပင်လျှင် ပြန်လည်စစ်ဆေးခွင့်မရှိချေ။ ပုဒ်မ ၆ (၂) အရ သေဒဏ်ပေးသော အမှုတစ်မှုတွင် တရားဝန်ကြီးတစ်ဦးသာ ပြစ်မှုကို စစ်ဆေးနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် သေဒဏ်ပြစ်မှုကလွဲ၍ အခြားသော ပြစ်မှုများရသော တရားခံတို့မှာ အယူခံပိုင်ခွင့် မရှိသော ဘဝသို့ ရောက်ကြရခြင်းပင်ဖြစ်၏။

၁၉၄၃ ခု တရားရုံးတော်များ အရေးပေါ် အက်ဥပဒေပုဒ်မ ၁၄ အရ တရားခံတစ်ဦးသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အာဏာရှိ

